ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့ (21-11-2011) (၆၉၅၀)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Nusa Dua 5 ခန်းမ၌ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

**တက်ရောက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီ ဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက်နာဂျစ်ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ဖိလစ်ပိုင်သမ္မတ၏ အထူးကိုယ်စားလှယ်တို့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့**

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

**(၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုက ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Nusa Dua 5 ခန်းမ၌ ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)





ကြေးမုံစာတည်းရှုထောင့် ၂၁-၁၁-၂၀၁၁ [တနင်္လာနေ့]။

# အာဆီယံရည်မှန်းချက်များ အကောင်အထည်ဖော်ရေး အတူတကွ တက်ကြွစွာလုပ်ကိုင်သွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးများတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အာဆီယံအသိုက်အဝန်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စရပ်များဖြစ်သော ကမ္ဘာ့စီးပွားရေး၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက၊ ကိုရီးယားကျွန်းဆွယ်၊ သဘာဝဘေးအန္တရာယ်၊ ထောင်စုနှစ်ရည်မှန်းချက်၊ ရွှေ့ပြောင်းလုပ်သားများ စောင့်ရှောက်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးစသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အထူးသဖြင့် ယခု ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံအတွက် ထူးခြားသောကောင်းသတင်းများကို ဆောင်ကြဉ်းနိုင်ခဲ့သည်။ အဆိုပါထိပ်သီးအစည်းအဝေးက ၂၀၁၄ ခုနှစ် အာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံက တာဝန်ယူရန် အတည်ပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယခုလက်ရှိတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် အင်ဒိုနီးရှားနိုင်ငံက တာဝန်ယူလျက်ရှိပြီး ၂၀၁၄ ခုနှစ်မှစ၍ မြန်မာနိုင်ငံက တာဝန်ယူမည်ဖြစ်သည်။

အာဆီယံအဖွဲ့ကို ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ လက်ထက်တွင် အာဆီယံထိပ်သီးအစည်းအဝေးများသို့ မေလတွင် တစ်ကြိမ်တက်ရောက်ခဲ့ပြီး ယခု နိုဝင်ဘာလတွင် ဒုတိယအကြိမ် တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ဆုံးဖြတ်ချက်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ထောက်ခံအားပေးမှုကို ကျေးဇူးတင်ဝမ်းမြောက်ကြောင်း မြန်မာနိုင်ငံက ထုတ်ဖော်ပြောကြားခဲ့သည်။

အစည်းအဝေးကျင်းပစဉ်ကာလအတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး အာဆီယံညှိနှိုင်းရေးဗဟိုဌာန တည်ထောင်ရေးသဘောတူညီချက်ကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ မြန်မာနိုင်ငံကလည်း လက်မှတ်ရေးထိုးခဲ့သည်။ ထို့အပြင် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများကလည်း ကွဲပြားသောယဉ်ကျေးမှုများနှင့် စုစည်းသော အာဆီယံကြေညာစာတမ်း (ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အာဆီယံဝန်ကြီးများ၏ အာဆီယံအသိုက်အဝန်း မြှင့်တင်ရေးဆီသို့)ကို အတူတကွ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

သို့ဖြစ်ရာ ယခုကျင်းပခဲ့သော အာဆီယံထိပ်သီးအစည်းအဝေးများတွင် နှစ်နိုင်ငံခေါင်းဆောင်များ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးညှိနှိုင်းဆုံးဖြတ်နိုင်ခဲ့ကြပြီး အာဆီယံခေါင်းဆောင်များက မြန်မာနိုင်ငံ၏ အရေးကြီးသိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြု လက်ခံခဲ့သည်။ မြန်မာနိုင်ငံကလည်း အာဆီယံအသိုက်အဝန်း ထူထောင်ရေးနှင့် အာဆီယံရည်မှန်းချက်များ အကောင်အထည်ဖော်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွ ဆက်လက်၍ တက်ကြွစွာလုပ်ကိုင်သွားမည်ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် မြောင်မြို့နယ်နှင့် မြင်းမူမြို့နယ်တို့၌ ဇေယျာရတနာ ငွေစုငွေချေးအသင်းဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၀

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဒုတိယဝန်ကြီး ဦးကျော်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လမ်းများမပျက်စီးရေးအတွက် ကာကွယ်သွားရန်၊ ထိန်းသိမ်းသွားရန်နှင့် B.O.T လမ်းများကို စစ်ဆေးသွားရန်၊ ကြပ်မတ်သွားရန် ဆွေးနွေးမှာကြားသည်။**

ထို့နောက် မြောင်မြို့ရှိ ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲရုံးခန်းမ၌ မြောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဇေယျာရတနာ ငွေစုငွေချေးအသင်းက ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ဆွေးနွေးပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးသိုက်ထွဏ်းက လက်ရှိမတည်ငွေစာရင်းနှင့် ချေးငွေထုတ်ပေးနေမှု၊ မြောင်မြို့နယ် ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲဥက္ကဋ္ဌ ဦးညိုဝင်းက မြောင်မြို့နယ်အတွင်း ကျေးလက်နေပြည်သူများအား ငွေထုတ်ချေးနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြင်းမူမြို့ ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲရုံးသို့ ရောက်ရှိပြီး ရင်းနှီးမတည်ငွေများကို ဆင်းရဲနွမ်းပါးသူများအား သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးနေကြောင်း၊ “ဆင်းရဲနွမ်းပါးမှု လျှော့ချရေးသစ္စာစေတနာဖြင့် ကျော်လွှားပေး” ဆိုသကဲ့သို့ မိမိတို့က စေတနာဖြင့် ဆောင်ရွက်ပေးသကဲ့သို့ ငွေချေးသူများကိုလည်း နားလည်သဘောပေါက်အောင် ရှင်းလင်းဆွေးနွေး ပြောကြားရန်လိုကြောင်း မှာကြားကာ ဇေယျာရတနာ ငွေစုငွေချေး အသင်းဥက္ကဋ္ဌနှင့် မြင်းမူမြို့နယ် ဇေယျာရတနာ ငွေစုငွေချေးအသင်းခွဲဥက္ကဋ္ဌ ဦးညွန့်ရီတို့က လက်ရှိဆောင်ရွက်နေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြသည်။ (သတင်းစဉ်)

# (၂၂)နှစ်မြောက် ကမ္ဘာ့ကလေးများနေ့ အခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်မြို့ ကန်တော်ကြီးပန်းခြံ မျှော်စင်ကျွန်းတွင် ယနေ့(အမျိုးသားနေ့) နံနက်ပိုင်းက (၂၂)နှစ်မြောက် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကျင်းပရာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ကလေးကိုယ်စားလှယ်များ တက်ရောက်ကြပြီး အခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးတင်ဇော်မိုးနှင့် World Vision မှ ဆရာဦးမြတ်မင်းသူတို့က ကမ္ဘာ့ကလေးများနေ့အကြောင်း ပြောကြားကြသည်။ ဆက်လက်၍ ကလေးများ၏ စွမ်းရည်ပြသပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပကြောင်း သိရသည်။**(အောက်ပုံ)**

(ဆောင်းဦး)





**၂၀၁၁ ခုနှစ် (၉၁)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ဗိုလ်တထောင်မြို့နယ် အထက(၆) အောင်ကျော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော အမျိုးသားနေ့သဝဏ်လွှာကို ဗိုလ်တထောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး ဖတ်ကြားစဉ်။** (ကြေးမုံ)

# Business Plan Contest ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

စီးပွားရေးလုပ်ငန်းရှင်လူငယ်များ စနစ်တကျမွေးထုတ်ပေးနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းသစ်များ ဖော်ထုတ်နိုင်ရန် ရည်ရွယ်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ဂျပန်နိုင်ငံ CIESF အဖွဲ့တို့ပူးပေါင်းကျင်းပသည့် Business Plan Contest ၏ ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် အဆိုပါအသင်းချုပ်၌ ကျင်းပရာ ရှေးဦးစွာ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** CIESF မှ Chairperson & Founder, Mr.Hideo Okubo နှင့် အသင်းချုပ်အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်တို့က Business Plan Contest ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြကာ ဆုရရှိသူများအား အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် CIESF မှ Chairperson & Founder, Mr.Hideo Okubo တို့က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

၂၀၁၁ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲများကို ရှမ်းပြည်နယ် ဂနိုင်ရေးအားကစားကွင်း၌ ဆက်လက်ကျင်းပရာ နိုဝင်ဘာ ၁၉ ရက်တွင် မိုင်းဆတ်ခရိုင်အသင်းက မိုင်းဖြတ်ခရိုင်အသင်းကို သုံးဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ လားရှိုးခရိုင်အသင်းက လွိုင်လင်ခရိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။ ယနေ့တွင် တာချီလိတ်ခရိုင်အသင်းနှင့် ပအိုဝ်းဒေသအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁-၁၁-၂၀၁၁ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၄ | ၁။ | နိုင်ငံတော်သီချင်း |
| ၇း၀၅ | ၂။ | မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ |
| ၇း၂၀ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၅ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၃၀ | ၅။ | မြန်မာ့ရှုခင်း |
| ၇း၃၅ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၀ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | မြန်မာ့ရှုခင်း |
| ၈း၂၅ | ၁၂။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၂ | ၁။ | နိုင်ငံတော်သီချင်း |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၁၅ | ၄။ | စိုက်ပျိုးသုတ |
| ၄း၂၅ | ၅။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၃၅ | ၆။ | မှတ်တမ်း |
| ၄း၄၅ | ၇။ | ဗွီစီဒီကျော်ကြားတေး |
| ၅း၀၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ၉။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင် (အပိုင်း-၅၅)** |
| ၆း၀၀ | ၁၀။ | မြဝတီ ရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၀ | ၁၂။ | သံစဉ်လမ်းက လင်းလက်ကြယ် |
| ၇း၀၀ | ၁၃။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၇၂)** |
| ၈း၀၀ | ၁၄။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ | အမျိုးသားရေးတေးကဗျာ |
| | ၁၆။ | ဗိုတာဝန်အရေး(၃)ပါး |
| | ၁၇။ | နိုင်ငံတကာသတင်း |
| | ၁၈။ | မိုးလေဝသသတင်း |
| | ၁၉။ | Talk of The Town |
| | ၂၀။ | မေးမြန်းစူးစမ်း |
| | ၂၁။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အမှတ်တရ နေ့ရက်လေးများ (အပိုင်း-၁၂)** |
| | ၂၃။ | Mini Series |

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၀-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၉၄၀၀ | ၀. ၀၃၂၃၂ |
| တရုတ် (ယွမ်) | ၆. ၃၄၈၆၀ | ၀. ၁၅၇၅၂ |
| အိန္ဒိယ (ရူပီး) | ၅၁. ၂၂၈၀ | ၀. ၀၁၉၅၂ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၆၁၁၀ | ၀. ၃၁၆၃၅ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၇၉၀ | ၀. ၇၇၀၄၈ |
| ဂျပန် (ယန်း) | ၇၆. ၉၀၀၀ | ၀. ၀၁၃၀၀ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၇. ၉၀ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၃၉၉၇ | ၁. ၃၅၁၄၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၃၃၉ | ၁. ၅၇၈၈၀ |

*အင်တာနက်။*

# ကျိုက္ကော်အထက အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

မွန်ပြည်နယ် သထုံမြို့နယ် ကျိုက္ကော်အထက၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဦးငွေထွန်း ဖုန်း-၀၅၇-၆၉၅၇၁၊ ဒေါ်နန်းစော ဖုန်း-၀၅၇-၆၉၃၅၀၊ ဦးဦးမြင့် ဖုန်း-၀၁-၅၆၂၄၉၂၊ ဒေါ်ခင်ဝင်း ဖုန်း-၀၁-၂၂၅၁၃၉၊ ဒေါ်ခင်ညိုဝင်း ဖုန်း-၀၉-၅၄၀၂၇၃၁၊ ဒေါ်မေရီစိန် ဖုန်း-၀၉-၅၀၁၆၄၆၄၊ ဒေါ်ကျင်ဟုန် ဖုန်း-၀၉-၇၃၀၄၅၅၅၄နှင့် ဒေါ်မြင့်မြင့်စိုး ဖုန်း-၀၉-၅၁၃၉၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်ဝတ္ထုကံမြေအတွင်းရှိ ဆင်ဖြူတော်ဆောင်(အသစ်)သို့ ရတနာဆင်ဖြူတော်များအား ကြိုဆိုခြင်းမင်္ဂလာအခမ်းအနားသို့

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ရတနာဆင်ဖြူတော်များအား ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပေး

နေပြည်တော် နိုဝင်ဘာ ၂၀

**ယခုအချိန်အခါသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံး၌ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော အခါသမယဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်ခဲ့သည့် ဗုဒ္ဓမြတ်စွယ်တော်သည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်လိုဏ်တော်အတွင်း ယာယီသီတင်းသုံးစံပယ် အပူဇော်ခံလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများ နေ့စဉ် လာရောက်ဖူးမြော်ကြသကဲ့သို့ အလှူခံဌာနများ၌လည်း သဒ္ဓါပေါက်၍ လာရောက်လှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်။ ဗုဒ္ဓမြတ်စွယ်တော်သည် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌လည်း ယာယီသီတင်းသုံးစံပယ် အပူဇော်ခံမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဖူးမြော်ကြည်ညိုလိုကြသည့် ရဟန်းရှင်လူပြည်သူများအနေဖြင့် နှလုံးပီတိဝွမ်းဆီထိသည့်ပမာ ဘဝင်နှလုံးရွှင်ပြုံးကြည်သာ ရှိကြမည်ဖြစ်သည်။**

ယင်းသို့ ဗုဒ္ဓမြတ်စွယ်တော်ကို ကြံတောင့်ကြံခဲ ဖူးမြော်ကြည်ညိုခွင့်ရရှိသည့် အခွင့်အခါကောင်းတွင်ပင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ရတနာဆင်ဖြူတော်များ ပေါ်ထွန်းလာခြင်းအားဖြင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအတွက် ကျက်သရေမင်္ဂလာ တိုးပွားစေခဲ့ပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်လက်ထက်တွင် ရတနာဆင်ဖြူတော်နှစ်စီး ထပ်မံပေါ်ထွန်းလာခြင်းသည် ပြည်သူပြည်သားများ ဘေးဘယာဝေးကွာ၍ သာယာဖွံ့ဖြိုးတိုးတက်အောင်မြင်မည့် နိမိတ်လက္ခဏာပင် ဖြစ်သည်။ ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း ယာယီသီတင်းသုံး အပူဇော်ခံခိုက်တွင် ရတနာဆင်ဖြူတော်များ ပေါ်ထွန်းရောက်ရှိလာခြင်းမှာ ထိုရတနာဆင်ဖြူတော်များသည် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ဦးခိုက်လို၍ အချိန်ကိုက် ပေါ်ထွန်းလာခြင်းဟုပင် ဆိုရမည်ဖြစ်သည်။

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင် (အသစ်)သို့ ရတနာဆင်ဖြူတော်များအား ကြိုဆိုခြင်းမင်္ဂလာအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေအတွင်း၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ရတနာဆင်ဖြူတော်များအား ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သာသာရေးဝတ်အဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရတနာဆင်ဖြူတော်တင် မော်တော်ယာဉ်များသည် ညနေ ၃ နာရီ ၅၁ မိနစ်တွင် ဥပ္ပါတသန္တိစေတီတော်တောင်ဘက်မုခ်ဦးသို့ ရောက်ရှိလာရာ ကြိုဆိုရေးအဖွဲ့များက ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဟူသော သရဏဂုံသုံးပါးပါဠိကို ရွတ်ဆိုကြသည်။

ရတနာဆင်ဖြူတော်တင်မော်တော်ယာဉ်များသည် စေတီတော်အရှေ့တောင်ထောင့်အရပ်ရှိ သတ်မှတ်နေရာသို့ ဆိုက်ရောက်ကြရာ ရတနာဆင်ဖြူတော်များသည် ဦးခေါင်း အရှေ့ဘက်သို့ လှည့်၍ မော်တော်ယာဉ်များပေါ်မှ ဆင်းသက်ကြသည်။

ထို့နောက် ရတနာဆင်ဖြူတော်များအား ပရိသတ်များက ဝဲ၊ ယာ၊ အရှေ့၊ အလယ်တည့်တည့်တို့မှ အောင်သပြေစိုက် ငွေပန်းဖလားများဖြင့် ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ပြည်ထောင်စုဝန်ကြီးများသည် ရတနာဆင်ဖြူတော်များအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြိုဆိုကြသည်။

ထို့နောက် ရတနာဆင်ဖြူတော်များသည် ဥပ္ပါတသန္တိစေတီတော်နှင့် စေတီတော်လိုဏ်တော်အတွင်း ယာယီသီတင်းသုံးစံပယ်အပူဇော်ခံလျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်တို့အား လက်ယာရစ် လှည့်လည် ပူဇော်ကြသည်။

ရတနာဆင်ဖြူတော်များသည် ညနေ ၄ နာရီ ၂၃ မိနစ်တွင် ဆင်ဖြူတော်ဆောင်(အသစ်)သို့ ရောက်ရှိလာရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ပြည်ထောင်စုဝန်ကြီးများက ရတနာဆင်ဖြူတော်များအား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။



**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ရတနာဆင်ဖြူတော်များအား ကြိုဆိုခြင်းမင်္ဂလာအခမ်းအနားတွင် ရတနာဆင်ဖြူတော်များအား ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။** (သတင်းစဉ်)

ထို့နောက် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင် ဦးမြသောင်းက ရတနာဆင်ဖြူတော်များအား ပေါက်ပေါက်များဖြင့် ကြဲပက်ပေးသည်။

ဆက်လက်၍ ရတနာဆင်ဖြူတော်များသည် ဆင်ဖြူတော်ဆောင်(အသစ်) အတွင်းရှိ မင်္ဂလာနေရာသို့ ရောက်ရှိကြရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ပြည်ထောင်စုဝန်ကြီးများက ပရိတ်နံ့သာရည်များဖြင့် ထပ်မံပက်ဖျန်းပေးကြကာ ကြံပိုင်းများကို အာဟာရဒါန ကျွေးမွေးကြသည်။

ယင်းနောက် ရတနာဆင်ဖြူတော်နှစ်စီးတို့က ဥပ္ပါတသန္တိစေတီတော်အား မျက်နှာမူ၍ ဖူးမြော်ကြသည်။

ဆက်လက်၍ အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော'အထီး' ဖြစ်သည့် ဤရတနာဆင်ဖြူတော်၏ ဘွဲ့နာမံအမည်တော်မှာ “ငွေဆဒ္ဒန်၊ ငွေဆဒ္ဒန်၊ ငွေဆဒ္ဒန်” ဟူ၍ (၃)ကြိမ် ကြေညာသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများသည် “ငွေဆဒ္ဒန်၊ ငွေဆဒ္ဒန်၊ ငွေဆဒ္ဒန်” ဟူ၍ တစ်ဦးချင်း အလှည့်ကျ (၃)ကြိမ်စီ ခေါ်ဆိုကြရာ ပရိသတ်များက သြဘာလက်ခုပ်တီး၍ ကောင်းချီးပေးကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော ‘အမ’ ဖြစ်သည့် ဤရတနာဆင်ဖြူတော်၏ ဘွဲ့နာမံအမည်တော်မှာ “ဟေမဝတီ၊ ဟေမဝတီ၊ ဟေမဝတီ”ဟူ၍ (၃)ကြိမ် ကြေညာသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများသည် “ဟေမဝတီ၊ ဟေမဝတီ၊ ဟေမဝတီ” ဟူ၍ တစ်ဦးချင်း အလှည့်ကျ(၃)ကြိမ်စီ ခေါ်ဆိုကြရာ ပရိသတ်များက သြဘာလက်ခုပ်တီး၍ ကောင်းချီးပေးကြသည်။

**ဒုတိယဆင်ဖြူတော် သီဂီမာလာ။** (သတင်းစဉ်)



ထို့နောက် အခမ်းအနားမှူးက “အောင်ပြီ၊ အောင်ပြီ” ဟု ကောင်းချီးမြွက်ဖော် ကြွေးကြော်သည်နှင့်တစ်ပြိုင်နက် ဒုတိယသမ္မတက ရတနာဆင်ဖြူတော်များအတွက် လက်ဖွဲ့၊ လက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ရာ မြန်မာ့သစ်လုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါက်တာဝမ်ထွန်းက လက်ခံသည်။

ယင်းနောက် အခမ်းအနားမှူးက “ရတနာဆင်ဖြူတော်များ ကျန်းမာကြပါစေ၊ အသက်ရာကျော် ရှည်ကြပါစေ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးလည်း ဘေးဘယာဝေးကွာ၍ သာယာဖွံ့ဖြိုးတိုးတက် အောင်ပါစေ” ဟု ဆုမွန်ကောင်းတောင်း၍ ပရိသတ်များက သြဘာလက်ခုပ်တီး ကောင်းချီးပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ရတနာဆင်ဖြူတော် ခုနစ်စီး ပိုင်ဆိုင်နေပြီဖြစ်သည်။ ယခင်ပေါ်ထွန်းခဲ့သော ရတနာဆင်ဖြူတော်များအနက် ပထမဆင်ဖြူတော် ရာဇာဂဟသီရိပစ္စယဂဇရာဇာ၊ ဒုတိယဆင်ဖြူတော် သီဂီမာလာနှင့် တတိယဆင်ဖြူတော် ရတီမာလာတို့သည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်လျက်ရှိသည့် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်အနီးရှိ ဆင်ဖြူတော်ဆောင်၌ စံပျော်လျက်ရှိသည်။

စတုတ္ထဆင်ဖြူတော် ဘဒ္ဒဝတီနှင့် ပဉ္စမဆင်ဖြူတော် နန္ဒဝတီတို့သည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေအတွင်းရှိ ဆင်ဖြူတော်ဆောင်၌ စံပျော်လျက်ရှိပြီး ဆဋ္ဌမဆင်ဖြူတော် ငွေဆဒ္ဒန်နှင့် သတ္တမဆင်ဖြူတော် ဟေမဝတီတို့သည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေအတွင်းရှိ ဆင်ဖြူတော်ဆောင်(အသစ်)၌ စံပျော်ကြမည်ဖြစ်သည်။

**ဆဋ္ဌမဆင်ဖြူတော် ငွေဆဒ္ဒန်နှင့် သတ္တမဆင်ဖြူတော် ဟေမဝတီတို့ကို တွေ့ရစဉ်။** (သတင်းစဉ်)



**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**

**⁂ရှေ့ဖုံးမှ**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ် ဆူဝမ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် အင်ဒိုနီးရှားယဉ်ကျေးမှုအဖွဲ့က အာဆီယံ သီချင်းကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက အဖွင့်မိန့်ခွန်းပြောကြားရာ၌ ဘာလီကျွန်းတွင် အာဆီယံ၏ အထင်ကရ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့မှု၊ အာဆီယံအနေဖြင့် မဏ္ဍိုင်ကြီး(၃)ရပ်အား ခိုင်မာစေရန် ဆောင်ရွက်ရေး၊ ဒေသ၏ စီးပွားရေး တိုးတက်မှု ရရှိစေရေး၊ ဒေသဆိုင်ရာ အနာဂတ်လူ့အဖွဲ့အစည်းပုံစံ ပြောင်းလဲတိုးတက်မှုတွင် ဦးဆောင်မှုအခန်းကဏ္ဍကို ဆက်လက် ထိန်းသိမ်းသွားရေး၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှတွင် တည်ငြိမ်လုံခြုံမှုကို ထိန်းသိမ်းရေးနှင့် ကမ္ဘာပေါ်တွင် အာဆီယံ၏ အခန်းကဏ္ဍကို ပိုမိုခိုင်မာစေရေး ရည်မှန်းချက် (၅)ရပ်တို့ကို ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံ နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ရှိ Bail Nusa Dua Convention Centre (BNDCC), Nusa Dua 4 ခန်းမ၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီး မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

**○ပြည်ထောင်စုသမ္မတမှ**

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယား နိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနို၊ လာအိုပြည်သူ့ဒီမို ကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက် နာဂျစ်ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင် တန်ဇွန်း၊ ဖိလစ်ပိုင်သမ္မတ၏ အထူးကိုယ်စားလှယ်တို့နှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက် ကြသည်။ အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင်အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူစီလို ဘန်ဘန်းယူဒိုရိုနိုက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံ နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အာဆီယံအသိုက်အဝန်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြပြီး ညနေ ၃ နာရီခွဲတွင် အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

ယနေ့ကျင်းပသည့် အာဆီယံထိပ်သီး မျက်နှာစုံညီ အစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် အာဆီယံအသိုက်အဝန်းကောင်စီ(၃)ရပ်၊ အာဆီယံပေါင်းစည်းဆက်သွယ်ရေး၊ အာဆီယံပဋိညာဉ်စာတမ်း၊ အာဆီယံပြင်ပဆက်ဆံရေးနှင့် အရှေ့အာရှထိပ်သီး အစည်း အဝေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘာလီမြို့၌ ရောက်ရှိနေသည့် ပြည်တွင်းပြည်ပမှ မြန်မာသတင်းထောက်များအား လက်ခံတွေ့ဆုံ

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ရှိ Nikko Bali Hotel and Resort၌ အာဆီယံအစည်းအဝေးများသို့ လာရောက်သတင်းရယူလျက်ရှိသည့် ပြည်တွင်းပြည်ပမှ မြန်မာသတင်းထောက်များ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားစဉ်။**

(သတင်းစဉ်)



**နေပြည်တော် နိုဝင်ဘာ ၂၀**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပလျက်ရှိသည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၉ ရက် ညနေ ၆ နာရီတွင် ခေတ္တတည်းခိုလျက်ရှိသည့် Nikko Bali Hotel and Resort ၌ အာဆီယံအစည်းအဝေး များသို့ လာရောက်သတင်းရယူလျက်ရှိသည့် ပြည်တွင်းပြည်ပမှ မြန်မာသတင်းထောက်များအား လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးကျော်ဆန်းနှင့် ဦးတင်နိုင်သိန်း၊ နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ ဘီဘီစီသတင်းဌာနမှ ကိုချို၊ ရန်ကုန်တိုင်းမ် ဂျာနယ်မှ ဦးကိုကို၊ RFA သတင်းဌာနမှ ဦးခင်မောင်စိုး၊ မြန်မာတိုင်းမ်ဂျာနယ်မှ မကျော်ဆုမွန်၊ The Voice ဂျာနယ်မှ ဦးသူရိန်လှိုင်၊ အဆာဟီရှင်ဘွန်း သတင်းဌာနမှ ဦးတင်မောင် အေး၊ ကျိုဒိုသတင်းဌာနမှ ဦးမြတ်သူရ၊ VOA သတင်းဌာနမှ ဒေါ်ခင်စိုးဝင်း၊ Eleven မီဒီယာမှ ဦးနေထွန်းနိုင်နှင့် အင်ဒိုနီးရှား နိုင်ငံ TEMPO မဂ္ဂဇင်းမှ သတင်းထောက်များ၏ မေးမြန်းချက် များကို နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

တွေ့ဆုံမှုအပြီးတွင် ပြည်တွင်းပြည်ပ သတင်းထောက်များ ၏ မေတ္တာရပ်ခံချက်အရ နိုင်ငံတော်သမ္မတသည် သတင်း ထောက်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ခွင့်ပြုခဲ့သည်။

(သတင်းစဉ်)

**❖ စာမျက်နှာ ၃ မှ**

ဆဌမရတနာဆင်ဖြူတော် ငွေဆဒ္ဒန်သည် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာ အရှေ့ဘက်၌ ပေါ်ထွန်းခဲ့ပြီး ကြန်အင်လက္ခဏာများမှာ အသားရောင် - ဩဇာခွံ (ပန်းနုရောင်)၊ အစွယ် - သစ်ခွံထိုး၊ မျက်လုံး - ပုလဲရောင်၊ အမွေးအမှင်-အဖြူရောင်၊ ခွာအရောင်-အဖြူ ၊ အမြီး-တံခါးစောင်း(အဖြူရောင်၊ မြီးဆံကောင်း)၊ နားရွက်-နားလတ် (ကြေးစည်ပုံ)၊ ကျော-ငှက်ပျောကိုင်း၊ အရပ်အမြင့် - ၅ ပေ ၁ လက်မဖြစ်ပြီး အသက်မှာ ၅ နှစ် (ခန့်မှန်း)ဖြစ်ကြောင်း သိရှိရသည်။

သတ္တမရတနာဆင်ဖြူတော် ဟေမဝတီသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲ အလယ်ကျေးရွာ အုပ်စုအနီး၌ ပေါ်ထွန်းခဲ့ပြီး ကြန်အင်လက္ခဏာများမှာ အသားရောင်-ပန်းနုရောင်၊ အစွယ်-သစ်ခွံထိုး၊ မျက်လုံး-ပုလဲရောင်၊ အမွေးအမှင်-အဖြူရောင်၊ ခွာအရောင်-အဖြူ အမြီး-တံခါးပိတ် (အဖြူရောင်၊ မြီးဆံကောင်း)၊ နားရွက်-နားလတ်၊ ကျော-ငါးဖယ်ကုန်း၊ အရပ်အမြင့်-၆ပေ ၁၀ လက်မ ဖြစ်ပြီး အသက်မှာ ၁၅ နှစ် (ခန့်မှန်း)ဖြစ်ကြောင်း သိရှိရသည်။

သာမန်ဆင်ကို မည်သို့ပင် မျိုးရိုးဗီဇ ပြောင်းလဲစေကာမူ ဆင်ဖြူတော်တွင် ပြည့်စုံရမည့် ထူးခြားစုံလင်လှသည့် ကြန်အင်လက္ခဏာများအားလုံးနှင့် ကိုက်ညီအောင် စွမ်းဆောင်နိုင်ဖွယ်မရှိသည့် အပြင် ဆင်ဖြူတော်တစ်စီး ပေါ်ထွန်းလာအောင် မည်သို့မျှ ဖန်တီးယူ၍ မရနိုင်ချေ။ မြန်မာနိုင်ငံ၌ ယခုပေါ်ထွန်းခဲ့သည့် ရတနာဆင်ဖြူတော် ခုနစ်စီးသည် ဆင်ဖြူတော်တို့၏ ထူးခြားစုံလင်လှသည့် ကြန်အင်လက္ခဏာများနှင့် ပြည့်စုံကောင်းမွန်ကြသဖြင့် နိုင်ငံတော်၌ ဘာသာ သာသနာ ထွန်းလင်းတောက်ပမှုနှင့် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်မည့်၊ ဥစ္စာခနေ ပေါကြွယ်ဝမည့် အတိတ်နိမိတ်အဖြစ် ပေါ်ထွန်းလာခြင်း ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

သမိုင်းတစ်လျှောက်တွင် တိုင်းပြည် သာယာဝပြောအောင် စီမံအုပ်ချုပ်နိုင်ခဲ့သော မင်းကောင်းမင်းမြတ်များ၏ လက်ထက်၌ ဆင်ဖြူတော်များ ပေါ်ထွန်းခဲ့ရာ သဘာဝဝန်းကျင်များ တိုးတက် ပြောင်းလဲမှုများဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည် ပိုမိုတိုးတက်သာယာဝပြောခဲ့သည့် သမိုင်းမှတ်တမ်းများ ရှိခဲ့သည်။ ယခုဆင်ဖြူတော်နှစ်စီး ပေါ်ထွန်းချိန်နှင့်အတူ နိုင်ငံတော်အတွင်း ဘက်စုံကဏ္ဍစုံတွင် တိုးတက်ဖြစ်ထွန်းပြောင်းလဲမှုနှင့် နိုင်ငံတကာဆက်ဆံရေး ထူးခြားစွာ တိုးတက်ကောင်းမွန်မှုတို့သည်လည်း တိုင်းပြည် ပိုမိုတိုးတက်ဝပြောမည့် နိမိတ်ကောင်းများဖြစ်ကြောင်း ပြည်သူများအတွင်း ပြောဆိုလျက်ရှိကြသည်။

ယနေ့ညနေပိုင်းမှစ၍ ဥပ္ပါတသန္တိစေတီတော်တွင် ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်ကြသူများ၊ ရတနာဆင်ဖြူတော်များအား လာရောက်ကြည့်ရှုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

(သတင်းစဉ်)

## တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

☆ **ကျောဖုံးမှ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

# အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့သို့ ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် နေပြည်တော်မှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့သို့ ထွက်ခွာခဲ့သည်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ဘာလီမြို့ရှိ Ngurah Rai လေဆိပ်သို့ ရောက်ရှိကြသည်။

**ခရီးဦးကြို**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဉာဏ်လင်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတရုံးမှ သံတမန်ရေးရာ အကြီးအကဲ Mr. Mohamed Rusdi တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦး ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတသည် အထူးလေယာဉ်ပေါ်မှ ဆင်းသက်လာရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သစ်တောဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Zulkifli Hasan နှင့် ဘာလီမြို့မှ ဒေသဆိုင်ရာ တာဝန်ရှိသူများက လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စစ်သံမှူး ဗိုလ်မှူးချုပ်သန်းဝင်းနှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများက ကြိုဆိုကြသည်။

**ရောက်ရှိ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဘာလီမြို့ရှိ ခေတ္တတည်းခိုမည့် Nikko Bali Hotel and Resort သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)



**ကြိုဆိုနှုတ်ဆက်**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ရှိ Ngurah Rai လေဆိပ်သို့ ရောက်ရှိရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သစ်တောဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Zulkifli Hasan နှင့် ဘာလီမြို့မှ ဒေသဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

# အာဆီယံထိပ်သီးအစည်းအဝေးက ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံက တာဝန်ယူရန်အတည်ပြု

# မြန်မာနိုင်ငံသည် အာဆီယံအသိုက်အဝန်းထူထောင်ရေးနှင့် အာဆီယံရည်မှန်းချက်များ အကောင်အထည်ဖော်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွ ဆက်လက်၍ တက်ကြွစွာလုပ်ကိုင်သွားမည်

နေပြည်တော် နိုဝင်ဘာ ၂၀

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သောအဖွဲ့သည် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့သို့ နိုဝင်ဘာ ၁၇ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ သွားရောက်ခဲ့သည်။**

အဆိုပါခရီးစဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် - နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

## သတင်းထုတ်ပြန်ချက်

၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့က အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုယိုနိုက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သမ္မတ ဦးသိန်းစိန်အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံအကြီးအကဲများနှင့် အစိုးရအကြီးအကဲများ တက်ရောက်ခဲ့ပါသည်။ အဆိုပါထိပ်သီးအစည်းအဝေးက ၂၀၁၄ ခုနှစ်တွင် အာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံက တာဝန်ယူရန် အတည်ပြုဆုံးဖြတ်ခဲ့သည်။

အထက်ပါ ထိပ်သီးအစည်းအဝေးဆုံးဖြတ်ချက်သည် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့က ဘာလီကျွန်း၌ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးက အစီရင်ခံတင်ပြချက်အပေါ် အာဆီယံခေါင်းဆောင်များက အတည်ပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်မှ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့်ပတ်သက်သည့် မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ပြောကြားခဲ့ပါသည်။ အာဆီယံ၏ လက်ရှိဥက္ကဋ္ဌနှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမာတီနာတာလီဂါဝါကလည်း ၎င်းမကြာသေးမီက မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့်ပတ်သက်၍ အစည်းအဝေးသို့ ရှင်းလင်းတင်ပြခဲ့ပါသည်။ ယင်းကိစ္စကို ကျန်အာဆီယံနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများက တစ်ခဲနက်ထောက်ခံအားပေးခဲ့သည်။

မြန်မာနိုင်ငံအနေနှင့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ဆုံးဖြတ်ချက်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ထောက်ခံအားပေးမှုကို ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ထုတ်ဖော်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံအသိုက်အဝန်းထူထောင်ရေးနှင့် အာဆီယံရည်မှန်းချက်များ အကောင်အထည်ဖော်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွ ဆက်လက်၍ တက်ကြွစွာလုပ်ကိုင်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**

**၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းအား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်ရေး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းအား နိုဝင်ဘာ ၁၇ ရက် ညနေ ၅ နာရီခွဲတွင် ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Kintamani 5B ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဥ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်အတူ Permanent Secretary Mr. Bilahari Kausikan၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Ashok Mirpuel နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

### ဆွေးနွေး

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းအား ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Kintamani 5B ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)



## သံအမတ်ကြီး ဦးတင့်ဆွေ အီတလီသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၀**

အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင့်ဆွေသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ရောမမြို့၌ အီတလီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျော်ဂျီယိုနာပိုလီတာနိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

## တောင်တွင်းကြီး၌ စာကြည့်တိုက်ဖွင့်

**တောင်တွင်းကြီး နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပွင့်လှကြီးကျေးရွာ ရတနာပွင့်ဦးကျောင်းတိုက်၌ သာသနာ့အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် စာရေးဆရာ အဆွေကြည်(ဆတ်သွား)က စာပေထဲက ဗဟုသုတများကို လည်းကောင်း၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးဇော်ဌေးအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကိုလည်းကောင်း၊ စာရေးဆရာ ဘုန်းဝင်းခေါင်(မြန်မာမှု)က ဘဝနှင့်စာပေခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ကိုဇော်(ဓာတု)က အပေးသမားဖြစ်ပါစေ ခေါင်းစဉ်ဖြင့် အသီးသီးဆွေးနွေးကြပြီး အလှူရှင်များက သုတ၊ ရသ ဂျာနယ်မဂ္ဂဇင်းမျိုးစုံ ၄၅၀ ကို စာကြည့်တိုက်မှူးထံ အသီးသီး ပေးအပ်လှူဒါန်းကြသည်။ (၅၈၀)

## ပြေတီဦးပညာရေးဖောင်ဒေးရှင်းရန်ပုံငွေ အနုပညာဖျော်ဖြေပွဲအတွက် စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ပြေတီဦး ပညာရေးဖောင်ဒေးရှင်းကို အရည်အချင်းရှိပြီး အခက်အခဲအမျိုးမျိုးကြောင့် ဆေးတက္ကသိုလ်သို့ မတက်ရောက်နိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ကူညီထောက်ပံ့ ပေးလိုသည့် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြေတီဦးပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေ အနုပညာဖျော်ဖြေပွဲအတွက် စာနယ်ဇင်းရှင်းလင်းပွဲကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ ORCHID Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေနှင့် ပြေတီဦး ပညာရေးဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးဝင်းငြိမ်းတို့က အမှာစကားပြောကြားကြပြီး ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)နှင့် ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်) တို့က ရန်ပုံငွေပွဲတွင် ကပြမည့်အငြိမ့်၊ ပြဇာတ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

Infinity Investment Company Limited. မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျော်မင်းက ပြေတီဦး ပညာရေးဖောင်ဒေးရှင်းအတွက် ငွေကျပ်သိန်း ၁၀၀၀ ကို ရုပ်ရှင်သရုပ်ဆောင် ပြေတီဦးထံသို့လည်းကောင်း၊ Royal ပုံနှိပ်နှင့် ဗလာစာအုပ်လုပ်ငန်းက ငွေကျပ်သိန်း ၃၀ ကို ဦးဟိန်းလတ်ထံသို့လည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ရုပ်ရှင်သရုပ်ဆောင် ပြေတီဦးက ကျေးဇူးတင်စကားပြောကြားသည်။

ပြေတီဦးပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေ အနုပညာဖျော်ဖြေပွဲကို ဒီဇင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဖျော်ဖြေပွဲမှရရှိလာသော အကျိုးအမြတ်အားလုံးကို ပြေတီဦး ပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေအဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

(ရီရီမြင့်+ဥမ္မာသန့်-သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေး တက်ရောက်

## မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးကိစ္စများ ရှင်းလင်း

## အာဆီယံခေါင်းဆောင်များက မြန်မာနိုင်ငံ၏ အရေးကြီးထင်ရှားသော ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြု

## ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌရာထူးထမ်းဆောင်ခြင်းကို ထောက်ခံကြောင်းပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Nusa Dua 3 ခန်းမ၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။**

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက်နာဂျစ် ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လက်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ဖိလစ်ပိုင်သမ္မတ၏ အထူးကိုယ်စားလှယ်တို့နှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနိုက အဖွင့်အမှာစကားပြောကြားသည်။

**အမြင်ချင်းဖလှယ်**

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စရပ်များဖြစ်သော ကမ္ဘာ့စီးပွားရေး၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက၊ ကိုရီးယားကျွန်းဆွယ်၊ သဘာဝဘေးအန္တရာယ်၊ ထောင်စုနှစ်ရည်မှန်းချက်၊ ရွှေ့ပြောင်းလုပ်သားအား စောင့်ရှောက်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး စသည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့အတူ အာဆီယံခေါင်းဆောင်များက မြန်မာနိုင်ငံ၏ အရေးကြီးသိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုပြောကြားကြပြီး ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌရာထူး ထမ်းဆောင်ခြင်းကို ထောက်ခံကြောင်း ထည့်သွင်းပြောကြားခဲ့ကြသည်။

နိုင်ငံတော်သမ္မတကလည်း မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရေးကိစ္စကို ထောက်ခံပြောကြားခဲ့သည့်အတွက် ကျေးဇူးတင်စကားပြောကြားခဲ့သည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၁၁-၂၀၁၁ (တနင်္လာနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ပါရမီအခြေခံသစ္စာဉာဏ်" တရားတော် (သန္တာဦး ဆရာတော်ဘဒ္ဒန္တဝဏ္ဏသာမိ)
- ၆း၄၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၃၂)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း"(အပိုင်း-၂၇)**
- ၈း၄၀ မြန်မာပြည်သိန်းတန် နှုတ်ဆက်ဂီတညချမ်း ဂီတဖျော်ဖြေပွဲ (Part-4)
- ၉း၂၅ ဆီမီးရောင်ပြိုင်၊ တန်ဆောင်တိုင်ကြည်ညိုလှူဒါန်း၊ မသိုးသင်္ကန်း
- ၉း၃၀ ကောင်းကင်မှာ သဘင်ခင်းသည်သို့ ကျင်းပအိပ်မက်
- ၉း၅၀ စတိုင်သစ်လွင် Current Fashion
- ၁၀း၀၅ ပဲခွယ်ကုန်းမြို့အထက်တန်းကျောင်း၏အာစရိယသို့ ဝန္ဒာမိလှာ
- ၁၀း၂၅ The Champion of Dance
- ၁၁း၀၅ Celebrity Choice
- ၁၁း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၆)**
- ၁၂း၁၅ သန်လျင်မြို့ နတ်စင်တစ်ရာကျောင်းတိုက် လိုတရသစ္စာမိဋ္ဌာန်အောင်တော်မူ ဗြဟ္မာဘုံဒုဿစေတီတော် ဌာပနာတော်သွင်းပူဇော်ပွဲ
- ၁၂း၃၀ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ
- ၁၂း၄၀ စားချင်စဖွယ်နည်းအသွယ်သွယ်
- ၁း၀၀ "ပါရမီအခြေခံသစ္စာဉာဏ်" တရားတော် (သန္တာဦး ဆရာတော်ဘဒ္ဒန္တဝဏ္ဏသာမိ)
- ၁း၄၅ ပုခန်းကြီးရွှေဟောင်းကျောင်းတော်ကြီး
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၂း၃၅ မြန်မာပြည်ရဲ့ 'ပါရမီ'
- ၂း၄၀ Activities In The City
- ၃း၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၃၂)**
- ၃း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၇)**
- ၄း၃၅ Activities In The City
- ၄း၄၅ မန်းမြေမှ ရွှေဘုံသာစေတီတော်မြတ် ရွှေထီးတော်တင်လှူပွဲ
- ၅း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၆)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၃၃)**
- ၇း၁၀ မြန်မာပြည်သိန်းတန် နှုတ်ဆက်ဂီတညချမ်း ဂီတဖျော်ဖြေပွဲ (Part-5)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၈)**
- ၁၀း၁၀ ဗီဒီယိုပြခန်း
- ၁၀း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၇)**
- ၁၁း၀၅ Sunday Talk (ဒေါက်တာခင်မောင်ညို၊ မျိုးမြတ်သူ)
- ၁၁း၃၅ စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေသြဇာသုံးစွဲစို့
- ၁၁း၅၅ အနုပညာမိုးကောင်းကင်
- ၁၂း၁၅ ငါးမွေးမြူသူမှန်သမျှ ထူးသစ်အစာတောင့်သုံးစွဲကြ
- ၁၂း၃၀ International Show Biz
- ၁၂း၅၀ လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
- ၁း၁၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွဲငှ်များ [မျိုးရိုးထဲကဆိုးပေကြီးဗလ(သို့) အကယ်ဒမီသုမောင်သို့] (အပိုင်း-၂)
- ၁း၄၅ လှပချစ်စရာလက်မှုအနုပညာ
- ၂း၁၅ မန္တလာမြေမှ ရွှေမင်းသမီး
- ၂း၃၀ Barclays Premier League (Tottenham Hotspur Vs Aston Villa)
- ၄း၃၀ လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
- ၄း၄၀ မွန်တို့မြေမှ ရှေးဟောင်းအမွေအနှစ်တို့တည်ရှိရာ
- ၅း၀၀ အစီအစဉ်ပြီး၏။

### Barclays Premier League ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၃၀ | Tottenham Hotspur Vs Aston Villa | ESPN (MRTV-4) |

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။



**၂၀၁၁ ခုနှစ် (၉၁)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် အထက (၁) ဧကရီခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၉၁)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင် ဖတ်ကြားစဉ်။** (မြို့နယ်ပြန်/ဆက်)

သက်ရှိလောကတည်မြဲဖို့
သဘာဝတောတွေထိန်းသိမ်းစို့



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ကျင်းပသည့် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာဆီယံ စီးပွားရေးအကြံပေးကောင်စီတို့၏ ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## အာဆီယံခေါင်းဆောင်များနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့၏ ဆွေးနွေးပွဲတက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၇ ရက် ညနေ ၄ နာရီ မိနစ် ၂၀ တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Nusa Dua 3 ခန်းမ၌ ကျင်းပသည့် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့၏ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲသို့ အာဆီယံ နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

**ရှင်းလင်းဆွေးနွေး**

ဆွေးနွေးပွဲတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင်အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက နှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံ စီးပွားရေးအကြံပေးကောင်စီ၏ လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အာဆီယံ စီးပွားရေးအကြံပေးကောင်စီဥက္ကဋ္ဌက ကောင်စီ၏ လုပ်ဆောင်ချက်များနှင့် အကြံပြုတင်ပြချက်များကို ရှင်းလင်းတင်ပြသည်။ ယင်းသို့ တင်ပြရာတွင် ကောင်စီအနေဖြင့် အာဆီယံ၏ယှဉ်ပြိုင်နိုင်စွမ်းရှိမှု စစ်တမ်းကို နှစ်စဉ်ပြုလုပ်နေမှု၊ ယင်းစစ်တမ်းအရ အာဆီယံနိုင်ငံများအတွင်း ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှုမှာ ဆက်လက်ခိုင်မာလျက်ရှိနေမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြသည်။

**အကြံပြုဆွေးနွေး**

ဆွေးနွေးတင်ပြမှုများအပေါ် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက အာဆီယံ စီးပွားရေးအကြံပေးကောင်စီကလပ်များ ထူထောင်ရေးနှင့် အာဆီယံ စီးပွားရေးအကြံပေးကောင်စီ၏ လုပ်ငန်းများသည် အာဆီယံနိုင်ငံ အစိုးရများ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ မူဝါဒရေးဆွဲမှုနှင့် မူဝါဒဆိုင်ရာ ကြီးကြပ်မှုများတွင် များစွာအရေးပါကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုသည် စီးပွားရေး တိုးတက်မှုအတွက် အဓိကတွန်းအားဖြစ်ပြီး အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးမှုသည် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအတွက် များစွာအရေးပါကြောင်းတို့ကို ရင်းနှီးပွင့်လင်းစွာ အကြံပြုဆွေးနွေးကြသည်။ (သတင်းစဉ်)



**ဆွေးနွေးပွဲတက်ရောက်**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာဆီယံ စီးပွားရေးအကြံပေးကောင်စီတို့၏ ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

# (၉၁)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားများ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

**၂၀၁၁ ခုနှစ် (၉၁)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အောင်ရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၉၁)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို အောင်မြေသာစံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ဖတ်ကြားသည်။**

ထို့နောက် အမျိုးသားနေ့ အထိမ်းအမှတ်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ဆုရ ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူတို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အသီးသီးတို့တွင်လည်း (၉၁) နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက် (၄)ရပ်နှင့်အညီ အကြိုဟောပြောပွဲများနှင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများကို ကျင်းပ၍ အမျိုးသားနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တစ်ပြိုင်တည်း ကျင်းပကြကြောင်း သိရှိရသည်။

**မုံရွာ**

အလားတူ ၂၀၁၁ ခုနှစ် (၉၁)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၂၀၁၁ ခုနှစ် (၉၁)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညွန့်စိုးက ဖတ်ကြားပြီး တာဝန်ရှိသူများက (၉၁)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

၂၀၁၁ ခုနှစ် (၉၁) နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း အနော်ရထာ ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ထံမှ ပေးပို့သော ၂၀၁၁ ခုနှစ် (၉၁) နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ချောင်းဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က ဖတ်ကြားပြီး တာဝန်ရှိသူများက (၉၁)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ၂၀၁၁ ခုနှစ် (၉၁)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် တောင်ကြီးမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၂၀၁၁ ခုနှစ် (၉၁)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို တောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်လတ်က ဖတ်ကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထော

## အာဆီယံဝန်ကြီ
## ကမ္ဘာ့နိုင်
## ဘာလီကြေ

နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတေ
နိုဝင်ဘာ ၁၇ ရက် ညနေ ၅ နာရီ ၁၀ မိနစ်
Bali Nusa Dua Convention Centre
ကျင်းပသည့် အာဆီယံဝန်ကြီးများ၏ လက်
နိုင်ငံခေါင်းဆောင်များ၏ ကမ္ဘာ့နိုင်ငံများအ
အဝန်းဆိုင်ရာ ဘာလီကြေညာစာတမ်း
တက်ရောက်သည်။

အဆိုပါအခမ်းအနားများသို့ အာဆီ
အဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ ဒုတိယ
အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆ
တက်ရောက်ကြသည်။

**လက်မှတ်**

အခမ်းအနားတွင် အာဆီယံနိုင်ငံအ
သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြား
ဦးဝဏ္ဏမောင်လွင်အပါအဝင် အာဆီယံ
ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ လူသ
ပေးရေး အာဆီယံညှိနှိုင်းရေးဗဟိုဌာန
အတူတကွ လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ
ဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထေ
အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ
များနှင့် စုစည်းသော အာဆီယံကြေညာစာ
အာဆီယံဝန်ကြီးများ၏ အာဆီယံအသိုက်
လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်
အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ
ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘ
ဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်
ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၊ လာ
ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗေါင်
မိုဟာမက် နာဂျစ်ဘင်ထွန်း ဟာဂျီအဗ္ဗဒူ
မစ္စတာဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတ
ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာ



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အ
လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး အာဆီယံညှိနှိုင်းရေးဗဟိုဌာ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

# အာဆီယံဝန်ကြီးများ၏ လက်မှတ်ရေးထိုးပွဲအခမ်းအနားနှင့် အာဆီယံနိုင်ငံခေါင်းဆောင်များ၏ ကမ္ဘာ့နိုင်ငံများအသိုက်အဝန်းအတွင်းမှ အာဆီယံအသိုက်အဝန်းဆိုင်ရာ ဘာလီကြေညာစာတမ်း လက်မှတ်ရေးထိုးပွဲအခမ်းအနားများသို့ တက်ရောက်

## ဘာလီ ကြေညာစာတမ်း လက်မှတ်ရေးထိုး

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ ကမ္ဘာ့နိုင်ငံများ အသိုက်အဝန်းအတွင်းမှ အာဆီယံအသိုက်အဝန်းဆိုင်ရာ ဘာလီကြေညာစာတမ်းကို လက်မှတ်ရေးထိုးကြစဉ်။**

(သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၇ ရက် ညနေ ၅ နာရီ ၁၀ မိနစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Nusa Dua 5 ခန်းမ၌ ကျင်းပသည့် အာဆီယံဝန်ကြီးများ၏ လက်မှတ်ရေးထိုးပွဲအခမ်းအနားနှင့် အာဆီယံနိုင်ငံခေါင်းဆောင်များ၏ ကမ္ဘာ့နိုင်ငံများအသိုက်အဝန်းအတွင်းမှ အာဆီယံအသိုက်အဝန်းဆိုင်ရာ ဘာလီကြေညာစာတမ်း လက်မှတ်ရေးထိုးပွဲအခမ်းအနားများသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားများသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**လက်မှတ်ရေးထိုး**

အခမ်းအနားတွင် အာဆီယံနိုင်ငံအကြီးအကဲများရှေ့မှောက်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အပါအဝင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး အာဆီယံညှိနှိုင်းရေးဗဟိုဌာနတည်ထောင်ရေးသဘောတူညီချက်ကို အတူတကွ လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အပါအဝင် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများက ကွဲပြားသော ယဉ်ကျေးမှုများနှင့် စုစည်းသော အာဆီယံကြေညာစာတမ်း (ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အာဆီယံဝန်ကြီးများ၏ အာဆီယံအသိုက်အဝန်းမြှင့်တင်ရေးဆီသို့) ကို အတူတကွ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများဖြစ်ကြသည့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ်ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့က ကမ္ဘာ့နိုင်ငံများ အသိုက်အဝန်းအတွင်းမှ အာဆီယံအသိုက်အဝန်းဆိုင်ရာ ဘာလီကြေညာစာတမ်းကို အတူတကွ လက်မှတ်ရေးထိုးကြသည်။




ယင်းနောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr. Marty Natalegawa က လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက် စာတမ်း(၃)စောင်ကို အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်ထံ လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



**...ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ ...းမှု အကူအညီပေးရေး အာဆီယံညှိနှိုင်းရေးဗဟိုဌာနတည်ထောင်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးကြစဉ်။**

(သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ဝန်ကြီးများ ကွဲပြားသောယဉ်ကျေးမှုများနှင့် စုစည်းသောအာဆီယံကြေညာစာတမ်း (ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အာဆီယံဝန်ကြီးများ၏ အာဆီယံအသိုက်အဝန်း မြှင့်တင်ရေးဆီသို့) ကို လက်မှတ်ရေးထိုးကြစဉ်။**

(သတင်းစဉ်)

# ဥပ္ပါတသန္တိစေတီတော်၌ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဝေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်း ရုပ်ပွားတော်မြတ်ရှေ့၌ ယာယီသီတင်းသုံးစံပယ် အပူဇော်ခံလျက်ရှိရာ ယနေ့ ၁၅ ရက်မြောက်နေ့တွင် နံနက်ပိုင်းမှ ညပိုင်းအထိ ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။**

ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ပူဇော်ရန် နေပြည်တော်၌ တစ်ရက်သာကျန်ရှိတော့သည့်အတွက် ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြရာ ပြည်သူများသည် တောင်ဘက်မုခ်ရှိလှေကားမှလည်းကောင်း၊ ရဟန်းသံဃာတော်များနှင့်သက်ကြီးရွယ်အိုများသည် အနောက်တောင်ထောင့်ရှိ ဓာတ်လှေကားဖြင့်လည်းကောင်း ဥပ္ပါတသန္တိစေတီတော်ရင်ပြင်သို့စနစ်တကျ တက်ရောက်ကြပြီး လိုဏ်အတွင်းစီစဉ်ထားရှိသည့် လျှောက်လမ်းသုံးလမ်းတို့မှ တန်းစီဝင်ရောက်ကာ ဗုဒ္ဓမြတ်စွယ်တော်အား ကြည်နူးချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုကြသည်။

ထို့အပြင် လိုဏ်အတွင်း ပရိဂျက်တာများ၊ TVများဖြင့် ကုသိုလ်ယူပြသပူဇော်ထားသည့် ဗုဒ္ဓမြတ်စွယ်တော် ပုံတော်ရှေ့၌ တရားဘာဝနာပွားများ အားထုတ်သူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ နံနက်ပိုင်းတွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် ရင်းမှီးရွာ မြသိန်းတန်စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ မင်္ဂလ ဦးဆောင်သော ပအိုဝ်းဓမ္မစကြာအဖွဲ့က ဗုဒ္ဓမြတ်စွယ်တော်အား ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော် အလှူခံဌာနများသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းစုတို့အား အမှူးထား၍ ဝန်ကြီးဌာနမိသားစုက ငွေကျပ် ၁၁ သိန်း၊ ပြည်ထောင်စုရွှေးကောက်ပွဲ ကော်မရှင်ရုံးဝန်ထမ်းမိသားစု၊ Lin Computer မိသားစု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ကျော်ကျော်ထွန်း-ဒေါ်ခင်မေလတ်မိသားစု၊ ACE ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးချမ်းသာ-ဒေါ်ခင်မာအေးမိသားစု၊ နှစ်ဖက်မိဘများအားအမှူးထား၍ နေပြည်တော်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ခရိုင်အင်ဂျင်နီယာမှူး ဦးမောင်မောင်သွင်-ဒေါ်စန်းစန်းဦး မိသားစုနှင့် မိခင်ကြီး ဒေါ်မြရီအား အမှူးထားပြီး (မောင်ထွန်းထွန်း)အား ရည်စူး၍ လယ်ဝေးမြို့ နဂါးမင်းဆီစက်မှ ဦးညွန့်မောင်၊ ဒေါ်မြင့်မြင့်ဌေးမိသားစုတို့က ငွေကျပ်သုံးသိန်းစီ၊ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မိသားစုက ငွေကျပ် ၂၅၀၀၀၀၊ ဗိုလ်မှူးကြီးသောင်းတင်-ဒေါ်စီစီတင် မိသားစုက ငွေကျပ် ၂၃၀၀၀၀၊ မကွေးဆေးတက္ကသိုလ်မှ မောင်စိုးလတ်ထွန်းက ငွေကျပ်နှစ်သိန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး-ဒေါ်သန်းသန်းအေး မိသားစု၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မင်းဘူးမြို့ မန်းဓာတ်အားပေး စက်ရုံဝန်ထမ်းများနှင့် မိသားစု၊ရန်ကုန်မြို့ ကြယ်ဝင်နန်းတော်စိန်ရွှေရတနာဆိုင်မှ ဦးကိုလတ်-ဒေါ်ကြင်ကြင်၊ ဒုတိယဗိုလ်မှူးကြီးမြင့်အောင်(အငြိမ်းစား)-ဒေါ်အေးအေးစန်း မိသားစုနှင့် ဖခင်ကြီး(ဦးကျင်စိန်)၊ သား(မောင်စိန်မြင့်)တို့အားရည်စူး၍ ကချင်ပြည်နယ် ဟိုပင်မြို့နေ ဒေါ်စီချင့်မိသားစုတို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ရှမ်းပြည်နယ် သာသနာ့ဇေ အသောက ဗုဒ္ဓဝေယျာဝစ္စအသင်းက ငွေကျပ် ၁၄၀၀၀၀၊ တောင်ငူမြို့နေ ဦးကြည်-ဒေါ်တင်မြင့် မိသားစုက ငွေကျပ် ၁၂၀၀၀၀၊ ပင်လောင်းမြို့နယ် ရင်းမှီးရွာ မြသိန်းတန်စာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တမင်္ဂလ ဦးဆောင်သည့် ပအိုဝ်းဓမ္မစကြာအဖွဲ့က ဒုတိယအကြိမ် ငွေကျပ်တစ်သိန်း၊ အမေရိကန် ဒေါ်လာ ၁၀ ဒေါ်လာနှင့် အိန္ဒိယရူပီး ၅၀၀၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း-ဒေါ်သန်းသန်းအေး၊ သား-မောင်ဖြိုးဇင်ဝင်း-မမီလျံအေး၊ သမီး-ဒေါက်တာဆောင်းမို့မို့ဝင်း၊ မြေး-ဘုန်းလျံဝင်းတို့က ငွေကျပ် ၁၃၀၀၀၀၊နှစ်ဖက်မိဘများဖြစ်ကြသည့် (ဗိုလ်ကြီးတင်မောင်မြင့်)-ဒေါ်သန်းမြင့်၊ (ဦးကောက်)-ဒေါ်လှရီတို့အား အမှူးထား၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(သတင်း) ဦးလှိုင်မြင့်-ဒေါ်ဌေးဝင်း၊ သား-မောင်ကျော်ဇေယျာမင်း မိသားစုက ငွေကျပ်တစ်သိန်း၊ ပျဉ်းမနားမြို့ ချင်ချောင်းရတနာ ရွှေဆိုင်မှ ဦးရည်မွန်-ဒေါ်အီလန်း မိသားစုက ခန့်မှန်းငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ ရွှေကြာကလပ်ဆွဲပြားတစ်ခု၊ နေပြည်တော်နေ ဗိုလ်မှူးကြီးမိုးအောင်-ဒေါက်တာအေးခိုင်ညွန့် မိသားစုက ခန့်မှန်းငွေကျပ် ၇၂၀၀၀၀ တန်ဖိုးရှိ ရွှေတစ်ကျပ်သား တစ်ပြား၊ အောင်လံမြို့နေ ဦးခွေးလေး-ဒေါ်တင်တင် မိသားစုက စုစုပေါင်းခန့်မှန်း ငွေကျပ်ခြောက်သိန်း တန်ဖိုးရှိ ကျောက်မျက်ပါရွှေလက်စွပ်တစ်ကွင်းနှင့် ရွှေလက်ကောက်ပျော့တစ်ခု၊ ရှမ်းပြည်နယ် ဟိုပုန်းမြို့နေ ဒေါ်ကြည်ကြည်ဦး မိသားစုက ခန့်မှန်းငွေကျပ်လေးသိန်း တန်ဖိုးရှိ ကျောက်မျက်မျိုးစုံတစ်ထုပ်၊ နေပြည်တော်နေ ဦးမျိုးဆွေ-ဒေါ်စန်းစန်းအေးတို့က ခန့်မှန်းငွေကျပ် ၃၂၀၀၀၀ တန်ဖိုးရှိ ရွှေဆွဲပြားတစ်ခု အပါအဝင် စုစုပေါင်း ငွေကျပ်တစ်သိန်းနှင့် တစ်သိန်းအထက် အလှူရှင် ၈၀ နှင့် ရွှေငွေလက်ဝတ်ရတနာမျိုးစုံ အလှူရှင် ၉၅ ဦးတို့က လာရောက်လှူဒါန်းကြရာ ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

နိုဝင်ဘာ ၁၉ ရက် ညနေပိုင်းနှင့်ညပိုင်းတို့တွင်လည်း ဗိုလ်ချုပ်မောင်ဦး (အငြိမ်းစား)-ဒေါက်တာဒေါ်ညွန့်ညွန့်ဦး မိသားစုက အမေရိကန်ဒေါ်လာ ၁၂၀၀၊ ဗိုလ်ကြီးစိန်လွင်(အငြိမ်းစား)-ဒေါ်အိအိပြုံး မိသားစုက အမေရိကန်ဒေါ်လာ ၂၂၅ ဒေါ်လာ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်ဦးသိန်းညွန့်နှင့် ဇနီးဒေါ်ကျင်ခိုင်မိသားစုနှင့် နေပြည်တော်နေ ဦးတင်အေးနှင့် တူမ ဒေါ်တင်မြင့်တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးထွန်းရွှေအား ရည်စူး၍ ရွှေညောင်မြို့နေ ဒေါ်တင်မြမိသားစုက ငွေကျပ် ၁၂၀၀၀၀၊ ညောင်ရွှေမြို့နေ ဦးပန်းဖြူ-ဒေါက်တာချိုချိုမိသားစုက ငွေကျပ် ၁၅၀၀၀၀၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်-ဒေါက်တာဒေါ်အေးကြည်ညွန့် မိသားစုက ငွေကျပ်တစ်သိန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ရင်းမှီးရွာ မြသိန်းတန်စာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ မင်္ဂလ ဦးဆောင်သည့် ပအိုဝ်းဓမ္မစကြာအဖွဲ့က ပထမအကြိမ် ငွေကျပ်တစ်သိန်း၊ အင်ဒိုနီးရှားရူပီးယား ၁၀၀၀နှင့် သီရိလင်္ကာ ရူပီး ၂၂၀၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ကြီးဇော်မင်းထွန်း-မချောစု မိသားစုက ခန့်မှန်းငွေကျပ် ၃၀၅၀၀၀ တန်ဖိုးရှိ စိန် ၃၇ ပွင့်ပါ ရွှေဆွဲသီးတစ်ခု၊ ရမည်းသင်းမြို့နေ ဦးတင်အေး-ဒေါ်အမာတင်တို့က စုစုပေါင်းခန့်မှန်းငွေကျပ် ၃၃၈၀၀၀ တန်ဖိုးရှိ ရွှေလက်ကောက်နှစ်ကွင်း၊ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်နေ ဒေါ်ခင်သန်းကြည်၊ သမီး-မေသကြာန်မိုးတို့က ခန့်မှန်းငွေကျပ် ၂၀၉၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ်တစ်ကွင်း၊ မိခင်ဒေါ်မေခင်အား ရည်စူး၍ ပျော်ဘွယ်မြို့ ဝါးရင်းတုတ်ကျေးရွာနေ ဦးသောင်းထွန်း-ဒေါ်ဌေးမြင့် မိသားစုက ခန့်မှန်းငွေကျပ် ၂၃၀၀၀၀ တန်ဖိုးရှိ ချက်ကျောက်ဖြူပါ ရွှေနားကပ်တစ်ရန်၊ မိဘဘိုးဘွားများအား ရည်စူး၍ ပျဉ်းမနားမြို့နယ် တောင်ညိုနေ ကိုမောင်ဝင်းက ခန့်မှန်းငွေကျပ် ၄၁၈၀၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုးတစ်ကုံးအပါအဝင် စုစုပေါင်း ငွေကျပ်တစ်သိန်းနှင့် အထက် အလှူတော်ငွေ အလှူရှင် ၃၈ ဦးနှင့် ရွှေငွေလက်ဝတ်ရတနာမျိုးစုံ အလှူရှင် ၁၀၁ ဦးတို့က လာရောက်လှူဒါန်းခဲ့ကြသည်။

နိုဝင်ဘာ ၁၉ ရက် ညနေပိုင်းမှ ယနေ့ ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေ ၅၄၂၃၉၁၈၁ ကျပ်၊ FECနှစ်ယူနစ်၊ အမေရိကန်ဒေါ်လာ ၁၇၁၉ ဒေါ်လာ၊ ရီမင်ဘီ ၁၂၅၈ ၊ ထိုင်းဘတ် ၁၆၆၂၊ မလေးရှားရင်းဂစ် ၁၅၊ အင်ဒိုနီးရှား ရူပီးယား ၁၀၀၀၊ အိန္ဒိယရူပီး ၅၁၂၊ ကမ္ဘောဒီးယားရီရယ် ၁၀၀၊ စင်ကာပူဒေါ်လာ ၃၂၊ ကိုရီးယားဝမ် ၂၀၀၀၊ ဂျပန်ယန်း ၁၀၀၀၊ သီရိလင်္ကာရူပီး ၂၂၀၊ တောင်အာဖရိကရန် ၄၀၊ ဗင်နီဇွဲလားဘိုလီဗါး ၆၀၀၀၊ ဟောင်ကောင်ဒေါ်လာ ၂၀၊ ယူရို ၃၀ နှင့် ရွှေ ငွေ လက်ဝတ်ရတနာမျိုးစုံ ၂၈၁ ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၁၀၇၀၀ တို့ဖြစ်သည်။ (သတင်းစဉ်)

# (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရိုးရာလှေပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်တစ်ခု၊ ဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ဝူရှူးပြိုင်ပွဲမှ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၀**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် ပါလမ်ဘန်မြို့တို့၌ ၉ ရက်မြောက်နေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိရာ ရိုးရာလှေလှော် အားကစား မီတာ(၅၀၀) အမျိုးသမီးရိုးရာလှေ ၁၀ တက်လှော်ပြိုင်ပွဲ (၂ မိနစ် ၂၆ ဒသမ ၈၆ စက္ကန့်)တွင် မြန်မာနိုင်ငံမှ ပထမရွှေတံဆိပ် ဆွတ်ခူးရရှိပြီး ထိုင်းနိုင်ငံက ဒုတိယဆုနှင့် အင်ဒိုနီးရှားနိုင်ငံက တတိယဆုကိုလည်းကောင်း၊ မီတာ(၅၀၀) အမျိုးသားရိုးရာလှေ ၁၀ တက်လှော်ပြိုင်ပွဲ ( ၂ မိနစ် ၁၄ ဒသမ ၁၈ စက္ကန့်)တွင် မြန်မာနိုင်ငံမှ ပထမရွှေတံဆိပ် ဆွတ်ခူးရရှိပြီး ဖိလစ်ပိုင်နိုင်ငံက ဒုတိယနှင့် အင်ဒိုနီးရှားနိုင်ငံက တတိယဆုကိုလည်းကောင်း၊ မီတာ(၅၀၀) အမျိုးသမီး ရိုးရာလှေ တက် ၂၀ လှော်ပြိုင်ပွဲ (၂ မိနစ် ၆ ဒသမ ၄၅ စက္ကန့်)တွင် မြန်မာနိုင်ငံမှ ပထမရွှေတံဆိပ် ဆွတ်ခူးရရှိပြီး အင်ဒိုနီးရှားနိုင်ငံက ဒုတိယနှင့် ထိုင်းနိုင်ငံက တတိယဆုကိုလည်းကောင်း ရရှိကြသည်။ မီတာ(၅၀၀) အမျိုးသားရိုးရာလှေ တက် ၂၀ လှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဒုတိယငွေတံဆိပ်ဆုကို (၁မိနစ် ၅၄ ဒသမ ၁၂ စက္ကန့်)ဖြင့် ဆွတ်ခူးရရှိပြီး ဖိလစ်ပိုင်နိုင်ငံက (၁ မိနစ် ၅၃ ဒသမ ၉၅ စက္ကန့်)ဖြင့် ပထမဆု ရရှိသွားသည်။ မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ၏ စံချိန်မှာ (၀ ဒသမ ၁၇ စက္ကန့်)သာ ကွာခြားပြီး ပန်းဝင်ဓာတ်ပုံ အဆုံးအဖြတ်ဖြင့် ရွှေတံဆိပ်တစ်ခု လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။

ဂျူဒိုအားကစားအမျိုးသမီး (-78) Kg တန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အေးအေးအောင်က ပထမရွှေတံဆိပ် ဆွတ်ခူးရရှိပြီး ဗီယက်နမ်နိုင်ငံက ဒုတိယဆု၊ ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့က ပူးတွဲတတိယဆုကို လည်းကောင်း၊ အမျိုးသား (-90)Kg တန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဇင်လင်းအောင်က ဒုတိယငွေတံဆိပ်ဆုကို လည်းကောင်း၊ အမျိုးသမီး (-70) Kg တန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သန္တာဝင်းက ဒုတိယ ငွေတံဆိပ်ဆုကို လည်းကောင်း၊ အမျိုးသမီး ဝူရှူး Jian Shu + Qiang Shu ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ စန္ဒီဦးက ဒုတိယငွေတံဆိပ်ကို လည်းကောင်း၊ အမျိုးသားဝူရှူး Nandao + Nan Gun ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝေဖြိုးအောင်က တတိယကြေးတံဆိပ်ဆုကို လည်းကောင်း ဆွတ်ခူးရရှိခဲ့ကြသည်။



**ဂျူဒိုအားကစား အမျိုးသမီး (-78)kg တန်းပြိုင်ပွဲတွင် ပထမရွှေတံဆိပ် ဆွတ်ခူးရရှိသော အေးအေးအောင်။**

နိုဝင်ဘာ ၂၀ ရက် ယနေ့ပြိုင်ပွဲများတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ်လေးဆု၊ ငွေတံဆိပ်လေးဆု၊ ကြေးတံဆိပ်တစ်ဆု ဆွတ်ခူးရရှိပြီး နိုဝင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ မြန်မာနိုင်ငံသည် နိုင်ငံအလိုက် အဆင့်(၇)ဖြင့် ရပ်တည်လျက်ရှိကာ ရွှေတံဆိပ် ၁၂ ဆု၊ ငွေတံဆိပ် ၂၂ ဆုနှင့် ကြေးတံဆိပ် ၂၆ ဆု စုစုပေါင်း ဆု ၆၀ ဆွတ်ခူးရရှိထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံများအလိုက် ဆုရရှိမှုအခြေအနေ

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| အင်ဒိုနီးရှား | ၁၄၉ | ၁၂၄ | ၁၁၅ | ၃၈၈ |
| ထိုင်း | ၉၄ | ၇၉ | ၁၀၄ | ၂၇၇ |
| ဗီယက်နမ် | ၈၃ | ၈၃ | ၈၉ | ၂၅၅ |
| မလေးရှား | ၅၂ | ၄၅ | ၇၀ | ၁၆၇ |
| စင်ကာပူ | ၄၁ | ၄၃ | ၇၁ | ၁၅၅ |
| ဖိလစ်ပိုင် | ၂၅ | ၄၇ | ၆၆ | ၁၃၈ |
| မြန်မာ | ၁၂ | ၂၂ | ၂၆ | ၆၀ |
| လာအို | ၈ | ၆ | ၃၅ | ၄၉ |
| ကမ္ဘောဒီးယား | ၃ | ၁၁ | ၂၀ | ၃၄ |
| တီမောလက်စ်တေ | ၁ | ၁ | ၄ | ၆ |
| ဘရူနိုင်းဒါရုဆလမ် | ၀ | ၂ | ၇ | ၉ |

# ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်များ စာအုပ်ထုတ်ဝေဖြန့်ချိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုရှေ့နေချုပ်ရုံး စာအုပ်ထုတ်ဝေရေးကော်မတီသည် ၂၀၁၀ ပြည့်နှစ်အတွင်း ပြဋ္ဌာန်းခဲ့သည့် ဥပဒေ ၃၇ ခု၊ နည်းဥပဒေ ၈ ခု၊ အမိန့် ၄ ခု၊ ကြေညာချက် ၃ ခုတို့ကို စုပေါင်း၍ စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။

ဥပဒေပြုရေး အဓိကတာဝန်ကို ထမ်းဆောင်နေသော လွှတ်တော်အသီးသီးရှိ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများက ရည်ညွှန်းအသုံးပြုရန်နှင့် ဥပဒေပညာရှင်များ ရှေ့နေ ရှေ့ရပ်များ လက်ကိုင်ထားရမည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။ စာအုပ်တစ်အုပ်လျှင် ငွေကျပ် ၉၀၀၀ ဖြစ်သည်။

ဤစာအုပ်ကို ဝယ်ယူလိုပါက ပြည်ထောင်စုရှေ့နေချုပ်ရုံး ရုံးအမှတ်(၂၅) ဖုန်း-၄၀၄၁၅၉ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ ရန်ကုန်တိုင်း ဥပဒေချုပ်ရုံးရှိ စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ သတင်းနှင့် စာနယ်ဇင်းစာအုပ်အရောင်းဆိုင်နှင့် အင်းဝစာအုပ်တိုက်များတွင်လည်း ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)



**၂၀၁၁ ခုနှစ် (၉၁)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို မြဝတီခရိုင် မြဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး သောင်ရင်းခန်းမ၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော (၉၁)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး ဖတ်ကြားစဉ်။** (၅၇၀)

# ဥပဒေအတွဲ(၈)စာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုရှေ့နေချုပ်ရုံး စာအုပ်ထုတ်ဝေရေး ကော်မတီက ပုံနှိပ်ထုတ်ဝေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဥပဒေအတွဲ(၈)တွင် ပါဝင်သော အက်ဥပဒေများမှာ ပြစ်မှုဆိုင်ရာ ဥပဒေများဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်အထိ (ပြင်ဆင်ပြီး)ဖြစ်ခြင်း၊ ရုပ်သိမ်းသည့်ဥပဒေ ခြောက်မျိုးကို ချန်လှပ်ကာ ထပ်မံထုတ်ဝေ ထားခြင်းဖြစ်သည်။

**ဝယ်ယူရရှိနိုင်**

ဥပဒေအတွဲ(၈)စာအုပ်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး ရုံးအမှတ်(၂၅)ရှိ ဖုန်း-၀၆၇-၄၀၄၁၅၉ သို့ ဆက်သွယ်ဝယ်ယူနိုင်သည့်အပြင် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးရှိ ဥပဒေစာအုပ်အရောင်းဆိုင်၊ သတင်းနှင့် စာနယ်ဇင်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အင်းဝစာအုပ်တိုက်များ၌ ဝယ်ယူရရှိနိုင်သည်။ တန်ဖိုးငွေကျပ် ၅၅၀၀ ဖြစ်သည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၁၁-၂၀၁၁ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ချစ်စရာ့အရွယ်ကကြီးသွယ်
- ၈း၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၃၀ ၉။ "ကျေးလက်ဒေသဖွံ့ဖြိုးရန် ရည်သန်နမ္မတူမိသားစု နို့စားနွားမွေးမြူရေးခြံ"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ အကပဒေသာ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၀ ၄။ "စက်မှုဇုန်မှာကျွန်မစက်ရုံ လာတည်တော့မယ်"
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅း၁၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၂၅ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယတွဲ) (အပိုင်း-၁၈)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကမ္ဘာကျော်သရုပ်ဆောင်များ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား" (အပိုင်း-၁)**
- ၁၉။ **အိန္ဒိယရုပ်ရှင် "မာနခဲ" (အပိုင်း-၃)**
- ၂၀။ အစီအစဉ်ပြီး၏။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီ မိနစ် ၅၀ တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Nusa Dua 4 ခန်းမ၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်သည်။**

စာမျက်နှာ ၄ ကော်လံ ၅ သို့ ❍



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Nusa Dua 4 ခန်းမ၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**

**အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

